# ဂျပန်ရောက် မြန်မာနိုင်ငံသားများသိသာရန်

## ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊  နိုဝင်ဘာလ (၁) ရက်

## ပြည်တောင်စု မြန်မာနိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ပြည်ပတွင်ရောက်ရှိနေသူများအနက် မဲဆန္ဒပေးပိုင်ခွင့် ရှိသူများ ၂၀၁၇ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ၌ ကြိုတင် ဆန္ဒမဲလက်မှတ် ဖြင့် ကြိုတင်၍ ဆန္ဒမဲပေးနိုင်မည့်ကိစ္စ အသိပေးကြေငြာခြင်း

၁။ ၁-၄-၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ၂၀၁၇ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ၌ ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့်  ပြည်ပတွင်ရောက်ရှိ နေသူများ အနက် ဆန္ဒမဲ ပေးပိုင်ခွင့် ရှိသူများမှ ကြိုတင်ဆန္ဒမဲ လက်မှတ်ဖြင့် ကြိုတင်၍ ဆန္ဒမဲ ပေးနိုင်ရေး အတွက် သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၇ ပါပြဌာန်းချက်နှင့်အညီ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ အကြောင်းကြားလာပါသည်။

၂။ သို့ပါ၍ ဂျပန်နိုင်ငံရောက် မဲဆန္ဒရှင် မြန်မာနိုင်ငံသားများသည် ၂၀၁၇ ခုနှစ်၊ ကြားဖြတ်ရွေး ကောက်ပွဲ၌ ကြိုတင်မဲပေးနိုင်ရေး ပုံစံ ၁၅ တွင် ဖြည့်စွက်နိုင်ရန် ပုံစံ၁၅ အား ဤစာနှင့်အတူ ပူးတွဲ၍ မြန်မာသံရုံး၊ တိုကျိုမြို့၏ ဝက်ဘ်ဆိုဒ် နှင့် အင်တာနက်စာမျက်နှာ မှ တစ်ဆင့် အသိပေး ကြေငြာအပ်ပါသည်။

၃။ မဲဆန္ဒ ပေးပိုင်ခွင့်ရှိသည့် ပြည်ပရောက်မြန်မာနိုင်ငံသားများမှာ နိုင်ငံတော်မှ တရားဝင် ထုတ်ပေးထားသော နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူ ဖြစ်ရပါမည်။ ပုံစံ-၁၅ ဖြည့်စွက်ရာ၌ ပုံစံပါ အချက်အလက်များအား ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ပေးနိုင်ပါရန်၊ အထူးသဖြင့် တောင်း ဆိုသူ၏ အမည်၊ တိုင်းရင်းသားလူမျိုး၊ မှတ်ပုံတင်အမှတ်၊ နိုင်ငံကူးလက်မှတ် မိတ္တူ၊ မွေးသက္ကရာဇ် ( အသက်)၊ အဘအမည်၊ တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ၊ လမ်း/ကျေးရွာ၊ ရပ်ကွက်/ ကျေးရွာအုပ်စု၊ မြို့နယ်၊ တိုင်းဒေသကြီး / ပြည်နယ် အတိအကျထည့်သွင်းဖော်ပြရန်၊ တောင်းဆို သူ၏ ယခုရောက်ရှိနေသည့် နေရပ်/ဌာနေ( ပြည်တွင်း/ပြည်ပ) လိပ်စာ (အင်္ဂလိပ်ဘာသာဖြင့်) ခွဲခြားဖော်ပြ၍ မှန်ကန်ပြည့်စုံစွာဖြည့်စွက်ပေးနိုင်ပါရန် နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ် အီးလ်မေးလိပ်စာများအား ပူတွဲတင်ပြပေးရန် မေတ္တာရပ်ခံ အပ်ပါသည်။

၄။ မဲပေးပိုင်ခွင့်ရှိသည့် ပြည်ပရောက်မြန်မာနိုင်ငံသားများ မှ အဆိုပါ ဖြည့်စွက်ပြီး ပုံစံ-၁၅ များကို မှန်ကန်စွာဖြည့်စွက်၍ စာတိုက်မှ မှတ်ပုံတင် (Registered)ပြုလုပ်၍ လည်းကောင်း၊ သံရုံး၏ အီးမေးလ် : contact@myanmar-embassy-tokyo.net သို့ **၁၅-၁၁-၂၀၁၆ ရက်နေ့မှ ၅-၁၂-၂၀၁၆ ရက်နေ့နောက်ဆုံးထားကာ အရောက်ပြန်လည် ပေးပို့ပေးပါရန်** ၊ သတ်မှတ်ရက် ကျော်ပါက လက်ခံဆောင်ရွက်ခြင်းပြုမည်မဟုတ်ပါကြောင်း မေတ္တာရပ်ခံ အသိပေး အပ်ပါသည်။

၅။ ထို့အပြင် ၂၀၁၇ ခုနှစ်၊ ကြားဖြတ် ကောက်ပွဲတွင် ကြိုတင်ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ ပြည်ပ ရောက်မြန်မာနိုင်ငံသားများ မှ သတ်မှတ်ချက်များ နှင့်အညီ ကြိုတင်ဆန္ဒမဲ လက်မှတ်ဖြင့် ၊ အချိန်မီ ကြိုတင် ဆန္ဒမဲပေးနိုင်ရေး ဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစီမံချက်နှင့် ညွှန်ကြား ချက်များ ထပ်မံရရှိပါက မြန်မာသံရုံး၊ တိုကျိုမြို့၏ ဝက်ဘ်ဆိုဒ် နှင့် အင်တာနက်စာမျက်နှာ တွင် တင်ပြ၍ ဆက်လက် အကြောင်းကြားသွားမည် ဖြစ်ပါကြောင်း တစ်ပါတည်း အသိပေး အပ်ပါသည်။

မြန်မာသံရုံး၊ တိုကျိုမြို့